ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၉ ၊ အမှတ် ၈ | ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်

## သာမန်အသုံးစရိတ်ခွင့်ပြုငွေဖြင့်တင်ဒါခေါ်ယူဆောင်ရွက်မည့်လုပ်ငန်း(၄)ခုနှင့် စပ်လျဉ်းသည့် တင်ဒါအခမ်းအနားကျင်းပ






၂၀၂၃- ၂၀၂၄ ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ်ခွင့်ပြုငွေဖြင့် တင်ဒါခေါ်ယူဆောင်ရွက်မည့် လုပ်ငန်းစဉ် (၄)ခုနှင့် စပ်လျဉ်းသည့် တင်ဒါအခမ်းအနားကို ၂၀၂၃ခုနှစ်၊ အောက်တိုဘာလ (၇) ရက် နံနက် (၉) နာရီက ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၊ ဇေယျာသီဟခန်းမ၌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဦးဆောင်၍ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးဆောင်သော တင်ဒါကော်မတီက သက်ဆိုင်ရာလုပ်ငန်းများ အလိုက် နည်းပညာကုမ္ပဏီများမှ တင်သွင်းလာသည့် Cost Proposal များအပေါ် စိစစ်အကဲဖြတ် ရွေးချယ်မှုများ ဆောင်ရွက်ခဲ့ကြသည်။

# တောင်ကြီးမြို့၌ MACCS စနစ်အကြောင်း ရှင်းလင်းဆွေးနွေးပွဲပြုလုပ်ခြင်း






MACCS စနစ်အကြောင်း ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ၂၀၂၃ခုနှစ် အောက်တိုဘာလ ၁၁ ရက် နံနက် ၁၀နာရီ က တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ် (တောင်ပိုင်း) ကုန်သည်နှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကုန်သည်နှင့်စက်မှုလက်မှုလုပ်ငန်း ရှင်များ၊ တင်သွင်း/တင်ပို့သူ လုပ်ငန်းရှင်များ၊ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်သူများ နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက အဖွင့်အမှာစကား ပြောကြား ပြီး အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးမိုးကျော်အေးက MACCS စနစ်အကြောင်းနှင့် တာချီလိတ် နယ်စပ်ဒေသသို့ ထပ်မံတိုးချဲ့ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်း ဆွေးနွေးခဲ့သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများ၏ သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

# E-Lock ခပ်နှိပ်အသုံးပြုလုပ်ငန်းများဆောင်ရွက်ရာတွင် ကုန်သေတ္တာတင်ယာဉ်၊ ကုန်သေတ္တာလုံလောက်မှု ရှိ/မရှိ ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခြင်း




E-Lock စနစ်အား Phase (1) ကာလ အသုံးပြုဆောင်ရွက်လျက်ရှိရာ E-Lock ခပ်နှိပ်အသုံးပြုလုပ်ငန်းများဆောင်ရွက်ရာတွင် ကုန်သေတ္တာတင်ယာဉ်၊ ကုန်သေတ္တာလုံလောက်မှု ရှိ/မရှိ ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရေး နှင့် စပ်လျဉ်းသည့် ညှိနှိုင်းဆွေးနွေးပွဲကို ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၀ ရက်က ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ဗေယျာသီဟာခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲကို အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ ဦးဆောင်၍ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာကုန်စည်ပို့ဆောင်မှု လုပ်ငန်းရှင်များအသင်း (Myanmar International Freight Forwarder's Association-MIFFA)၊ မြန်မာကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်း (Myanmar Container Trucking Association- MCTA)၊ မြန်မာနိုင်ငံအဝေးပြေးကုန်ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း (Myanmar Highway Freight Transportation Service Association- MHFTSA)၊ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (The Republic Of The Union Of Myanmar Federation Of Chambers Of Commerce And Industry-UMFCCI)၊ Tah Moe Hnye Development Co.,ltd မှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

# သာမန်အသုံးစရိတ်ခွင့်ပြုငွေဖြင့်တင်ဒါခေါ်ယူဆောင်ရွက်မည့်လုပ်ငန်း (၄) ခုနှင့် စပ်လျဉ်း၍ ကနဦးအကဲဖြတ်အမှတ်ပေး






စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ်ခွင့်ပြုငွေဖြင့် တင်ဒါခေါ်ယူဆောင်ရွက်မည့် လုပ်ငန်းစဉ် (၄) ခုနှင့် စပ်လျဉ်းသည့် ကနဦးအကဲဖြတ်အမှတ်ပေးခြင်း အခမ်းအနားကို ၂၀၂၃ခုနှစ် အောက်တိုဘာလ (၄)ရက် မွန်းလွဲ (၁)နာရီက ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာန၊ MACCS ဌာနခွဲ အစည်းအဝေးခန်းမ၌ အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(စစ်ဆေးရေးနှင့်အခွန်ကြီးကြပ်ရေး) ဦးအောင်ဆန်းထွန်း ဦးဆောင်၍ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေးနှင့်အခွန်ကြီးကြပ်ရေး) ဦးဆောင်သည့် တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီဝင်များက သက်ဆိုင်ရာလုပ်ငန်းများအလိုက် နည်းပညာကုမ္ပဏီများမှ တင်သွင်းလာသည့် Technical Proposal များကို တင်ဒါကော်မတီကိုယ်စား ဖွင့်ဖောက်စိစစ်မှုများပြုလုပ်ပြီး တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ ကနဦးအကဲဖြတ် အမှတ်ပေးခဲ့ကြသည်။

# ပြန်လျော့အကောက်ခွန်ဖြင့် တင်သွင်းထားသော ပြန်လည်တင်ပို့ရန် ကျန်ရှိသည့် ယာဉ်၊ ယန္တရားများ၊ အထွေထွေပစ္စည်းများနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကျင်းပခြင်း



ပြန်လျော့အကောက်ခွန် (Drawback) ဖြင့် တင်သွင်းထားသော ပြန်လည်တင်ပို့ရန် ကျန်ရှိသည့် ယာဉ်၊ ယန္တရားများ၊ အထွေထွေပစ္စည်းများနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ၂၀၂၃ခုနှစ်၊ အောက်တိုဘာလ ၆ ရက် မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ဇေယျာသီဟခန်းမ၌ အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေးနှင့်အခွန်ကြီးကြပ်ရေး) ဦးအောင်ဆန်းထွန်း ဦးဆောင်ကျင်းပခဲ့သည်။

အစည်းအဝေးသို့ ကုမ္ပဏီ (၁၇) ခုမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

# အရာထမ်းငယ်သင်တန်းအမှတ်စဉ် (၁၂၆) သို့ သင်တန်းတက်ရောက်ကြမည့်အကောက်ခွန်ဦးစီးဌာနဝန်ထမ်းများအား သြဝါဒအမှာစကားပြောကြားခြင်း





နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ ဖွင့်လှစ်မည့် အရာထမ်းငယ်သင်တန်း အမှတ်စဉ် (၁၂၆) သို့ သင်တန်းတက်ရောက်ကြမည့် အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းများအား သြဝါဒအမှာစကား ပြောကြားခြင်း အခမ်းအနားကို ၂၀၂၃ခုနှစ် အောက်တိုဘာလ ၅ ရက် နံနက် ၈နာရီခွဲက ရန်ကုန်မြို့ရှိ အကောက်ခွန် ဦးစီးဌာန (ရုံးချုပ်) ဇေယျာသီဟခန်းမ၌ ကျင်းပရာ အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (အုပ်ချုပ်မှုနှင့်စီမံရေးရာ) ဦးတင်ကိုထက် တက်ရောက်၍ သြဝါဒအမှာစကား ပြောကြားခဲ့ပါသည်။

အဆိုပါ အရာထမ်းငယ်သင်တန်းသို့ အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်း (၁၁၉)ဦး တက်ရောက်ကြမည် ဖြစ်သည်။

# အကောက်ခွန်အရာရှိများအား ကုန်သွယ်မှုအပေါ်အခြေခံသည့် ငွေကြေးခဝါချမှုဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲပြုလုပ်ခြင်း




ကုန်သွယ်မှုအပေါ်အခြေခံသည့် ငွေကြေးခဝါချမှု (Trade-Based Money Laundering – TBML) ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၉) ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်) ၊ ဇေယျာသီဟခန်းမ၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ရဲမှူးချုပ် မျိုးသူစိုး၊ အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(အုပ်ချုပ်မှုနှင့်စီမံရေးရာ) ဦးတင်ကိုထက်၊ ဌာနခွဲများမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြများ၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ ဧည့်သည်တော်များ၊ အကောက်ခွန် ဦးစီးဌာန (ရုံးချုပ်) ရှိ ဌာနခွဲအသီးသီးမှ အကောက်ခွန်အရာရှိများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။



ဆွေးနွေးပွဲကို အကောက်ခွန်အရာရှိများအနေဖြင့် ကုန်သွယ်မှုအပေါ်အခြေခံသည့် ငွေကြေးခဝါချမှု (TBML) ဆိုင်ရာ လုပ်ငန်းစဉ်များကို ပိုမိုသိရှိနားလည်ပြီး လုပ်ငန်းခွင်အတွင်းထိရောက်စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့မှ ဒုတိယရဲမှူး ဝင်းနိုင်ထူး က ငွေကြေးခဝါချမှု၊ ကုန်သွယ်မှုအပေါ်အခြေခံသည့်ငွေကြေးခဝါချမှု (TBML) ၊ Typology နှင့် ငွေကြေးဆိုင်ရာ အပြိုင်စစ်ဆေးခြင်း (Parallel Financial Investigation) တို့ကိုလည်းကောင်း၊ ဦးစီးအရာရှိ ဦးဟန်ထွန်း က ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့အကြောင်းကိုလည်းကောင်း၊ ရဲအုပ်သွင်ထူးအောင် က ကုန်သွယ်မှုအပေါ်အခြေခံသည့် ငွေကြေးခဝါချမှု (TBML) ဆိုင်ရာ အန္တရာယ်ညွှန်းကိန်း ( Red–flags Indicators) များ အကြောင်းကိုလည်းကောင်း အသိပညာပေးဆွေးနွေးခဲ့ကြသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၁၀၆၃၄.၇၀၇ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန်နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/ တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီး အရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာလ (၁) ရက်နေ့မှ (၃၁) ရက်နေ့အထိ စုစုပေါင်း တားဆီး/ ဖမ်းဆီးမှုမှာ ( ၃၉၇ ) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးကျပ် ( ၁၀၆၃၄.၇၀၇ ) သန်းဖြစ်ပါသည်။

## ရန်ကုန် တားဆီး/ ဖမ်းဆီးမှု




(၁၇-၁၀-၂၀၂၃) ရက်နေ့တွင် မြန်မာ့စက်မှုဆိပ်ကမ်း (MIP) ၌ ID No. 100262067140 (12.10.2023)၊ ကုန်သေတ္တာအမှတ်၊ HASU 4259716 (1X40') ဖြင့် တင်သွင်းလာသော ကုန်ပစ္စည်းများအား အထူးအဖွဲ့ (Suspect) အရ အထူးအဖွဲ့နှင့် (ကာကွယ်ရေး၊ ထုတ်/သွင်း၊စစရ) တို့ ပါဝင်သော အဖွဲ့စုံဖြင့်စစ်ဆေးရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသော (FORKLIST TYRE) (C/O-China) (16 U) အပါအဝင် ကုန်ပစ္စည်း(၇)မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၁၀၂,၃၀၇,၀၅၀/-) (ကျပ်တစ်ထောင်နှစ်ဆယ့်သုံးသိန်းခုနစ်ထောင့်ငါးဆယ်တိတိ) ခန့်အား အမှုတွဲအမှတ်၊ ၁-ရာ/ကသတ (MIP) / ၂၀၂၃ (၁၃၁) (၁၇-၁၀-၂၀၂၃) ဖြင့် အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ၊ အောက်တိုဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၁၀၆၃၄.၇၀၇ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### ရန်ကုန် တားဆီး/ ဖမ်းဆီးမှု



(၁၄-၁၀-၂၀၂၃) ရက်နေ့ (၁၀:၄၀) အချိန်ခန့်တွင် (China Airline) လေယာဉ်ခရီးစဉ်အမှတ်၊ (CI-7915/SF-7360) ဖြင့် တရုတ်နိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသော ခရီးသည်(Baggage) များအား (X-Ray) စက်ဖြင့် ဖြတ်သန်းစစ်ဆေးရာတွင် ပုံရိပ်မသင်္ကာသဖြင့် အသေးစိတ် ဖွင့်ဖောက်စစ်ဆေးရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော (Cigarette) (Brand-Mevius Lights) (1x10) (C/O-Not Found) (45 Nos) အပါအဝင် ကုန်ပစ္စည်း(၂)မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၆၀,၀၀၀,၀၀၀/) (ကျပ်ခြောက်ရာသိန်း တိတိ) ခန့်အား အမှုတွဲအမှတ်၊ ၄-ကက (လဆ)/ ၂၀၂၃ (၀၇၈) (၁၄-၁၀-၂၀၂၃) ဖြင့် အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ၊ အောက်တိုဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၁၀၆၃၄.၇၀၇ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု






(၁-၁၀-၂၀၂၃) ရက်နေ့ (၁၆:၃၀) အချိန်ခန့်တွင် ကျိုင်းတုံမြို့၊ ဝမ်တာပင်း ပူးပေါင်းစစ်ဆေးရေးဂိတ်မှ စစ်ဆေးရေးအဖွဲ့သည် ကျိုင်းတုံမြို့မှ မိုင်းလားမြို့သို့ မောင်းနှင်လာသော ယာဉ်အမှတ် (6S-6666) (TOYOTA ALPHARD) ယာဉ်အား စစ်ဆေးရာ တရားဝင် အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော (ကျောက်စိမ်းဟုယူဆရသော ကျောက်စိမ်းလက်ကောက်) (၆၀ ကွင်း) အပါအဝင် ကုန်ပစ္စည်း (၂)မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုး ကျပ် (၈,၁၀၀,၀၀၀/-) (ကျပ်ရှစ်ဆယ့်တစ်သိန်းတိတိ) ခန့်အား အမှုတွဲအမှတ်၊ ၁၁-ကတ/၂၀၂၃(၀၁၉) (၁-၁၀-၂၀၂၃) ဖြင့်လည်းကောင်း၊ အခင်းဖြစ်ယာဉ်အမှတ် (6S-6666) (TOYOTA ALPHARD) (Model-2003) (C/O-Japan) (1U) ခန့်မှန်းတန်ဖိုး ကျပ် (၄၅,၀၀၀,၀၀၀/-) (ကျပ်လေးရာငါးဆယ်သိန်းတိတိ) ခန့်အား အမှုတွဲအမှတ်၊ ၁၁-ကတ/၂၀၂၃ (၀၁၉-က) (၁-၁၀-၂၀၂၃) ဖြင့်လည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၁၀၆၃၄.၇၀၇ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု







(၅.၁၀.၂၀၂၃) ရက်နေ့ (၀၆:၀၀) အချိန်ခန့်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့မှ မန္တလေးမြို့၊ ၆၇ လမ်း၊ ၁၄၅ လမ်း နှင့် ၁၄၆ လမ်းကြားရှိ ရန်လင်းအောင် ကားဂိတ်၊ ဂိုထောင်နှင့်ကားဂိတ်၌ ရပ်တန့်ထားသည့် ယာဉ်အမှတ် (3D/4571) (12 W)၊ (5B/3171) (12 W) နှင့် (8C/3895) (12 W) ယာဉ်တို့အား မန္တလေးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူး၏ ဝရမ်းအမှတ် (၂၄) ဖြင့် ဝင်ရောက်စစ်ဆေးခဲ့ပြီး ကုန်ပစ္စည်းများအား အသေးစိတ်စစ်ဆေးနိုင်ရေး မန္တလေး မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ပို့ဆောင်၍ စစ်ဆေးရာ တရားဝင်စာရွက်စာတမ်း အထောက် အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော (ဆေးလိပ်) (Brand:Esse) (1x50 cartoon x320Pkgs) (C/O –Korea) (16000 CTN) အပါအဝင်ကုန်ပစ္စည်း (၂) မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ်(၅၀၆,၄၀၀,၀၀၀/–) (ကျပ်ငါးထောင့်ခြောက်ဆယ့်လေးသိန်းတိတိ) ခန့်အား အမှုတွဲအမှတ်၊ ၁၁–မလ(တမလ)/၂၀၂၃(၁၀၃) (၇.၁၀.၂၀၂၃) ဖြင့်လည်းကောင်း၊ အခင်းဖြစ်ယာဉ်အမှတ် (8C/3895) (Htila M3) (12W) (Model–Not Found) (C/O–ဂျပန်ထုတ်) (1–U) ခန့်မှန်းတန်ဖိုးကျပ်(၃၀,၀၀၀,၀၀၀/–) (ကျပ်သုံးရာသိန်းတိတိ) ခန့်အား အမှုတွဲအမှတ်၊ ၁၁–မလ(တမလ)/၂၀၂၃ (၁၀၃–က) (၇.၁၀.၂၀၂၃) ဖြင့် အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၁၀၆၃၄.၇၀၇ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### ထူးခြားဖမ်းဆီးမှု



(၂၃.၁၀.၂၀၂၃) ရက်နေ့ (၁၀:၀၀) အချိန်ခန့်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တာ၀န်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် ကင်းလှည့်ဆောင်ရွက်နေစဉ် နမ့်အွန်ကျေးရွာအနီး ရှောင်ကွင်းလမ်း တစ်နေရာတွင် ပိုင်ရှင်မဲ့စုပုံထားသော ကျွန်းသစ်ခွဲသားများအား စစ်ဆေးတွေ့ရှိရသဖြင့် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းသို့ ပို့ဆောင်ခဲ့ပြီး အသေးစိတ်စစ်ဆေးခဲ့ရာ တရား၀င်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော (ကျွန်းသစ်ခွဲသားဆိုဒ်စုံ) (၈ ချောင်း) (၀.၃၉၇၂ တန်) ခန့်မှန်းတန်ဖိုး ကျပ် (၁,၁၉၁,၆၀၀/-) (ကျပ်တစ်ဆယ့်တစ်သိန်းကိုးသောင်းတစ်ထောင်ခြောက်ရာတိတိ)ခန့်အား အမှုတွဲ အမှတ်၊ ၁၁-လရ (ရပ) / ၂၀၂၃ (၀၇၁) (၂၃-၁၀-၂၀၂၃) ဖြင့် အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၁၀၆၃၄.၇၀၇ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### ထူးခြားဖမ်းဆီးမှု



(၂၉-၁၀-၂၀၂၃) ရက်နေ့ (၁၈:၀၀)အချိန်ခန့်တွင် အိန္ဒိယအကောက်ခွန်မှ မြန်မာအကောက်ခွန်ဦးစီးဌာန၊ မူဝါဒနှင့်လုပ်ထုံးလုပ်နည်းများ စိစစ်ရေးဌာနခွဲသို့ (Thai Airlines) လေယာဉ်ခရီးစဉ်အမှတ် (TG-303/SF-7805) ဖြင့် လိုက်ပါလာသည့် အိန္ဒိယနိုင်ငံသား ခရီးသည် Mr. Vihol Yogendrasinh Aravindsinh (PP.No-T6326177) နှင့်အတူ မူးယစ်ဆေးဝါးသယ်ဆောင်လာရန် ဖြစ်နိုင်ချေမြင့်မားကြောင်း သတင်းအချက်အလက်များ ပေးပို့လာပါသဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၊ အဖွဲ့ခေါင်းဆောင် ဦးဆောင်သောပူးပေါင်းအဖွဲ့မှ အဆိုပါ ခရီးသည်၏ ဝန်စည်ပစ္စည်းများအား X-Ray စက်ဖြင့် ဖြတ်သန်းစစ်ဆေးခဲ့ရာ ၎င်း၏ Baggage အတွင်း အမှုန့်ဟုယူဆရသော သံသယဖြစ်ဖွယ်ပုံရိပ်အား တွေ့ရှိခဲ့ရသဖြင့် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ Baggage အိတ်အတွင်းပိုင်းတွင် သို၀ှက်သယ်ဆောင်လာသည့် (မူးယစ်ဆေးဝါးများဟု ယူဆရသောအမှုန့်များ) (အလေးချိန် ၆ ကီလိုဂရမ်) ခန့်မှန်းတန်ဖိုးကျပ် (၉၀,၀၀၀,၀၀၀/-) (ကျပ်ကိုးရာသိန်းတိတိ) ခန့်အား စစ်ဆေးတွေ့ရှိရသဖြင့် အမှုတွဲအမှတ်၊ ၁၁-ကက (လေဆိပ်/အထူး)-၂၀၂၃ (ခရီးသည်)/၀၀၇ (၂၉.၁၀.၂၀၂၃) ဖြင့် အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။